# ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်အက်ဥပဒေ၏ အခန်း ၅၊ ပုဒ်မ ၅၅ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၅၅-က အဖြစ်ဖြင့်ထည့်သွင်းရမည်။

**စိုက်ပျိုးရေးဘဏ်နှင့် ဆက်ဆံရေး။**

"၅၅-က။ ။ဤအခန်းပါအခြားပုဒ်မများနှင့် အခြားတည့်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်နှင့် ပြည်ထောင်စုဘဏ်၏ ဆက်သွယ်မှုသည်အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) ပြည်ထောင်စုဘဏ်သည်၊ မိမိ၏ ရုံးရှိသည့် နေရာများ၌ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က စာရင်းရှင်အဖြစ်အပ်သည့် ငွေများကိုလက်ခံရမည်။ ပြည်ထောင်စုဘဏ်သည်၊ မိမိထံ၌ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က အနည်းဆုံးအပ်ငွေ မည်မျှထားရှိရမည်ဟု အခါအားလျော်စွာသတ်မှတ်နိုင်သည်။

(ခ) ပြည်ထောင်စုဘဏ်သည်၊ ငွေတိုက်လက်မှတ်များ (treasury bills) ပါဝင်သော ပြည်ထောင်စု အစိုးရက ထုတ်သည့်၊ သို့တည်းမဟုတ် အာမခံထားသည့် လွှဲပြောင်းနိုင်သော နိုင်ငံတော်စိုက်ပျိုးရေးဘဏ်ပိုင် ငွေချေးသက်သေခံလက်မှတ်များ (securities) ကိုအာမခံယူ၍ တောင်းဆိုသောအခါ၌ဖြစ်စေ၊ ရက်ပေါင်း ၁၈၀ ထက်မပိုသည့် သတ်မှတ်ထားသော ကာလအပိုင်းအခြားကုန်ဆုံးသည့် အခါ၌ဖြစ်စေ၊ ပြန်လည်ပေးဆပ်ရန် အချိန်စေ့သည့် ထုတ်ပေးငွေများ (advances) ကိုဖြစ်စေ၊ ချေးငွေများ (loans) ကိုဖြစ်စေ၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်အား ထုတ်ချေး နိုင်သည်။ ငွေချေးရာတွင် ပြည်ထောင်စုဘဏ်သည် မိမိကတောင်းဆိုရမည်ဖြစ်သောအတိုးနှုန်းကို၊ အခါအားလျော်စွာသတ်မှတ်နိုင်သည်။

(ဂ) ပြည်ထောင်စု ဘဏ်က လိုအပ်သည့် အကြောင်းရင်းများကို ပြည်ထောင်စု ဘဏ်ကပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားများတွင် နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က၊ ပြည်ထောင်စုဘဏ်သို့ ပေးပို့ရမည်။

အဘိုး—၁၀ ပြား]

(ဃ) ပြည်ထောင်စုဘဏ်သည်၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်—

(ကက) ချေးငွေအမျိုးမျိုး (loans) အပေါ်တွင်သော်၎င်း၊ ထုတ်ပေးငွေ အမျိုးမျိုး (advances) အပေါ်တွင် သော်၎င်း၊ အခြားတနည်းနည်းဖြင့်ထုတ်ချေးထားသော ငွေအပေါ်တွင်သော်၎င်း၊ အတိုးအနေနှင့်ဖြစ်စေ၊ အခြားပေးရန်ငွေအနေနှင့် ဖြစ်စေ၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်က တောင်းဆိုနိုင်သည့်အများဆုံးနှုန်းထားများကို၎င်း၊ အပ်နှံထားသည့်ငွေအမျိုးမျိုးအပေါ်တွင် အတိုးအနေနှင့်ဖြစ်စေ၊ အခြားပေးရန်ငွေအနေနှင့်ဖြစ်စေ၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က ပေးနိုင်သည့်အများဆုံးနှုန်းထားများကို၎င်း သတ်မှတ်နိုင်သည်။

(ခခ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က ထုတ်ချေးထားသောငွေများ (loans) နှင့် ထုတ်ပေးငွေများ (advances) အတွက် ပေးဆပ်ရန် အချိန်စေ့ရောက်မည့် အများဆုံးကာလအပိုင်းအခြားကို၎င်း၊ ထိုသို့သော ချေးငွေများ (loans) နှင့် ထုတ်ပေးငွေများ (advances) ကို အကြောင်းပြု၍တောင်းဆိုရန် လိုအပ်သည့် အာမခံအမျိုးအစား နှင့် အာမခံ မည်၍မည်မျှကို၎င်း သတ်မှတ် နိုင်သည်။

(ဂဂ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်က ထုတ်ချေးထားသော ငွေများ (loans)၊ ထုတ်ပေး ငွေများ (advances) နှင့် ရင်းနှီးငွေများ (investments) ၏အရေအတွက်အပေါ်တွင်၊ သီးခြားဖော်ပြထားသော အနာဂတ်ကာလ အပိုင်းအခြားအတွင်း၊ ထိုသို့သောပစ္စည်းများ၌ အပေါင်းအစည်းအလိုက်သော်၎င်း၊ သီးခြား ဖော်ပြထားသော အမျိုးအစား၊ သို့တည်းမဟုတ် အမျိုးအစားများအလိုက်သော်၎င်း တိုးလာသောနှုန်းကိုသတ်မှတ်နိုင်သည်။

(င) ပြည်ထောင်စုဘဏ်က ကာလအပိုင်းအခြားအားဖြင့်သော်၎င်း၊ မိမိ၏ သဘောအတိုင်းသော်၎င်း၊ ဘဦး၊ သို့တည်းမဟုတ် တဦးထက်ပိုသော မိမိ၏ အရာရှိများ အား၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်နှင့် နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၏စာအုပ်များ၊ စာရင်းများကို စစ်ဆေးစေနိုင်သည်။ ထို့ပြင် စစ်ဆေးချက် အစီရင်ခံစာ မိတ္တူ တစောင် ကို နိုင်ငံတော်အစိုးရသို့ ပြည်ထောင်စုဘဏ်က တင်ပြနိုင်သည်။''

—အမှတ် ၃၉၊ တရားရေး၊ ၉-၁၂-၅၃—၂,၀၀၀—၂။